ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၄. ၁၂. ၂၀၁၅) ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေး နှင့်နှိမ်နင်းရေးဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေး နှင့် နှိမ်နင်းရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးပါရန်ဖြစ်ပါတယ်။

ဦးစိုင်းနု၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အားလုံးမင်္ဂလာပါခင်ဗျား။ အစည်းအဝေး သို့ တက်ရောက် လာကြသည့် လွှတ်တော်ဥက္ကဋ္ဌကြီးအမှူးပြုသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်း မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ် ဦးစိုင်းနုဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ဒီကနေ့ပြုလုပ် ကျင်းပတဲ့ အစည်းအဝေးမှာ ပြီးခဲ့တဲ့အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ရှမ်းပြည်နယ် အပင်နှင့် သီးနှံဖျက် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်းပြီးတော့ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။

<u>ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၅)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေး နှင့် နှိမ်နင်းရေး ဥပဒေ(မူကြမ်း) အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ် တင်ပြသည့် အစီရင်ခံစာ</u>

နိဒါန်း

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ၌ ရှမ်းပြည်နယ် အစိုးရ အဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ အပိုဒ် ၃ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပိုဒ်ခွဲ(ခ)၌ ဖော်ပြပါရှိသည့်လုပ်ပိုင်ခွင့်အရတင်သွင်းလာသည့် ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော်နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ် ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေး ၃-၁၂-၂၀၁၅ ရက်နေ့တွင် စိစစ်သုံးသပ် ဆွေးနွေးညှိနှိုင်းကြပြီး နည်းဥပဒေ ၆၆ နှင့်အညီပြုစုတင်ပြအစီရင်ခံခြင်းဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

ဥပဒေမှာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဇယား ၂ ၏ ညွှန်ပြချက်နှင့်အညီ တည်ဆဲဥပဒေနှစ်ရပ်ဖြစ်သည့် ၁၉၉၀ ခုနှစ်၊ မေလ ၁၁ ရက်စွဲဖြင့် ထုတ်ပြန်သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ်၊ ၁၀/၉၀ ပိုးသတ်ဆေး ဥပဒေနှင့် ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်စွဲဖြင့် ထုတ်ပြန်သည့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၊ ၈/၉၃ အပင်ပိုးမွှားကာကွယ်သည့် ဥပဒေတို့ဖြင့် စိုက်ပျိုးသူ တောင်သူလယ်သမားများ လိုက်နာရန်ရေးဆွဲသည့် ဥပဒေ ဖြစ်ပါသည်။

အပင်နှင့် သီးနှံဖျက်ပိုးမွှား ရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးကို တိကျစွာလိုက်နာနိုင်ရန် ပိုးသတ် ဆေးတို့ကို စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ပြဋ္ဌာန်း နိုင်ရေးတင်ပြခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

ဥပဒေ(မူကြမ်း)တွင်အခန်းပေါင်း ၁၄ ခန်း၊ ပုဒ်မပေါင်း ၄၈ ခုပါဝင်ပြီး ဤကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အရ ပြည့်စုံသည့်ဥပဒေဖြစ်သည့်အတွက် ပြင်ဆင်အကြံပြုရန် မလိုအပ်ပါကြောင်း ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီးအစီရင်ခံစာကိုတင်ပြအပ်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့်နှိမ်နင်းရေး ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင် အကြံပြုရန်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) ဒုတိယနေ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက် ပိုးမွှားရောဂါကာကွယ်ရေးနှင့်နှိမ်နင်းရေးဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကအတည်ပြုပေးပါရန် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးကိုယ်စား ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးမှအဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) ဒုတိယနေ့ ၁၉-၈-၂၀၁၅ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေ (မူကြမ်း)အား လွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်က သဘောတူပါသည် )

လွှတ်တော် ကိုယ်စားလှယ်များကသဘောတူတဲ့အတွက် ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေ(မူကြမ်း)အား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။